

www.burmesesclassic.com




# တတိယ
# အင်္ဂလိပ်မြန်မာစစ်ပွဲနှင့်
# မင်းလှခံတပ်



www.burmesesclassic.com

www.burmesesclassic.com

# တတိယ
# အင်္ဂလိပ်မြန်မာစစ်ပွဲနှင့်
# မင်းလှခံတပ်



www.burmesesclassic.com

www.burmesesclassic.com

တတိယ - အင်္ဂလိပ်-မြန်မာစစ်ပွဲနှင့်

# မင်းလှခံတပ်

သုတေသနစာတန်း

တာမွေ၊ အ-ထ-က (၂)
စာပေနှင့် အသိဥာဏ်မြှင့်တင်ရေးအဖွဲ့မှ
ပြုစုသည်။

M. T. K. 1

www.burmesesclassic.com

www.burmesesclassic.com

အညွှန်း

* နိဒါန်း
* စစ်ဖြစ်ရခြင်း အကြောင်းရင်းများ
* စစ်ဖြစ်ခြင်းနှင့် နှစ်ဖက်အင်အား
* တိုက်ပွဲစဉ်များ
* စစ်ရှုံးရခြင်း အကြောင်းရင်းများ
* နယ်ချဲ့စစ်ပွဲအား ဆန်းစစ်ခြင်း
* မင်းလှခံတပ်နှင့် တိုက်ပွဲများ။
* မင်းလှခံတပ်ကို သုတေသနပြုလုပ်ခြင်း
* သက်ဆိုင်ရာမြေပုံ၊ ဓါတ်ပုံနှင့် အတိုင်း အတာများ

www.burmesesclassic.com

www.burmesesclassic.com

# တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲနှင့် မင်းလှခံတပ်စာတန်း

## နိဒါန်း

* ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲတွင် မြန်မာတို့ရှုံးသည်။
* ဒုတိယ အင်္ဂလိပ် - မြန်မာ စစ်ပွဲတွင်လည်း မြန်မာတို့ မနိုင်။
* တတိယ အင်္ဂလိပ် - မြန်မာစစ်ပွဲတွင်လည်း မြန်မာတို့ လက်နက်ချရသည်။

BURMESE CLASSIC .com

စစ်ပွဲ(၃)ကြိမ်စလုံး ရှုံးပြီး သော အခါ၊ မြန်မာတို့သည် အခြေအနေအရ သူ့ကျွန်ဖြစ်ခဲ့ရသည်။ သို့သော်၊ "သူ့ကျွန် မခံလိုသောစိတ်" ကား မြန်မာတို့၏ ရင်ဝယ် အမြဲတမ်း ကိန်း အောင်းလျက်ရှိသည်။အခြေအနေကြောင့် တထစ်မျှကျဆင်းခဲ့ ရသောဘဝမှ၊ဆယ်ထစ် ဆယ့်ငါးထစ်မျှရွေ့သို့တိုးရန် သတိ မှတ်ထားကြ၏။ စိတ်ဝယ်တေးထားကြ၏။

www.burmesesclassic.com

www.burmesesclassic.com

## နိဒါန်း

စင်စစ်၊ အားမတန်၍ မာန် ချလိုက် ရခြင်း သာ ဖြစ် သည်။ တော်လှန်ရန် စိတ်မာတ်ကား မြန်မာတို့ရင်ဝယ်တိုးလျက် ခုန်လျက်ရှိသည်။ မြောက်လျက်ကြွလျက်ရှိသည်။ "နေသေးသပ၊ ချုံထဲက"ဟု၊အားနှင့်မာန်နှင့်ငံ့လင့်လျက်ရှိကြသည်။မြန်မာတို့ စစ်ရှုံးရခြင်းကား၊ ခေတ်ကိုအမှီမလိုက်နိုင်ခဲ့သော ချို့တဲ့မှုများကြောင့်သာလျှင်ဖြစ်သည်။

တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲဟုဆိုလျှင်၊ (မင်းလှ)ခံတပ်ကို ပါ တပါတည်း မြင်ယောင် လာသည်။ သို့သော်၊ ခံတပ်ဟု ကျွန်ုပ်တို့မမြင်။ "နယ်ချဲ့တော်လှန်ရေးဗိမာန်ကြီး" ဟု မြင်လာသည်။ "အရင်းရှင်တော်လှန်ရေးမှတ်တိုင်ကြီး"ဟု မြင်လာသည်။

BURMESE CLASSIC .com

နယ်ချဲ့သည်၊ နည်းပရိယာယ်အမျိုးမျိုးဖြင့် မြန်မာနိုင်ငံအား ခြေကုတ်ယူသည်။ အမြတ်ထုတ်သည်။ သွေးစုတ်သည်။ မြန်မာတိုင်းရင်းသားတို့သည်၊ ဤအချက်ကိုတွေးမိလေတိုင်း၊ မျက်ရေ ဝိုင်းခဲ့ရသည်။ နာကျည်းစိတ်က တိုင်းရင်းသား ညီညွတ်ရေးကို မီးထိုးပေးသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုကိုရလာသော အခါ၊ ပြာဖုံးလျက်ရှိသောမီးခဲသည် ရဲလာ၏။တအုံနွေးနွေးတေးထားခဲ့သော ဇာတိသွေး၊ ဇွဲ၊ အားမာန် စသော မီးညွန့်သည် အထက်သို့တက်၍၊ ဘဝင်သို့ ဆိုက်ခမန်း တောက်ပလာသည်။ ထိုအားမာန်တို့ဖြင့်-မြန်မာ့လွတ်လပ်ရေးကိုအရယူခဲ့ကြပြီ။

ထို့ကြောင့်၊မင်းလှခံတပ်သည် မြန်မာတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်ရေးအတွက်၎င်း၊ အရင်းရှင်နယ်ချဲ့အားတိုက်

www.burmesesclassic.com

www.burmesesclassic.com

# နိဒါန်း

ထုတ်ရန်အတွက်ငင်း၊ လွတ်လပ်ရေးအောင်ပန်းကို ဆွတ်လှမ်းကြရန်အတွက်ငင်း မီးရှူးတန်ဆောင်သဖွယ် အလင်းရောင်ပေး ရာ ဌာနကြီးတခု ဖြစ်သည် ဆိုလျှင် မှားမည်မဟုတ်ချေ။ ထို့ကြောင့်၊ အထက်ပါ ဝိသေသ များ နှင့် ပြည့်စုံသော မင်းလှခံတပ်၏ သုတေသန စာတန်းကို တင်ပြ ရခြင်းဖြစ်ပါသတည်း။

**စာပေနှင့်အသိဉာဏ်**

**မြှင့်တင်ရေးအဖွဲ့**

တာခမွ၊ အ-ထ-က(၂) ရန်ကုန်။

နေ့စွဲ ၁၉၆၅၊ ၁၂၊ ၂၀။

ကျောင်းသားပွဲတော်အထိမ်းအမှတ်

BURMESE CLASSIC .com

www.burmesesclassic.com

www.burmesesclassic.com

တတိယအင်္ဂလိပ်–မြန်မာစစ်ပွဲနှင့်

# မင်းလှခံတပ်

## သုတေသနစာတန်း

BURMESE CLASSIC .com

## ☆ စစ်ဖြစ်ရခြင်းအကြောင်းရင်းများ

(၁) တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ရခြင်း၏အကြောင်းရင်းမှာ နယ်ချဲ့ဝါဒသည်သာလျှင် အဓိကဖြစ်သည်။

(၂) မင်းတုန်းမင်းလက်ထက်တွင် အိန္ဒိယပြည်ရှိ ဘုရင်ခံချုပ်ထံသို့ သံတမန်များစေလွှတ်၍ ပဲခူးတိုင်း (အောက် မြန်မာပြည်)ကို ပြန်လည်ရရှိရန် ကြိုးစားသော်လည်း အင်္ဂလိပ်ဘုရင်ခံချုပ်က ငြင်းပယ်ခဲ့သည်။ ထို့ကြောင့် သီပေါမင်းလက်ထက်တွင် မြန်မာနိုင်ငံသည် နိုင်ငံခြားဆက်သွယ်ရေး၌ အင်္ဂလိပ်ထက် ပြင်သစ်နှင့် အီတလီနိုင်ငံတို့ကို ပိုမိုရင်းနှီးစွာဆက်ဆံခဲ့ခြင်း။

www.burmesesclassic.com

www.burmesesclassic.com

(၃) အင်္ဂလိပ်တို့ကိုခုခံရန်အတွက် ပြင်သစ်၊ အီတလီတို့နှင့် ပူးပေါင်း၍၊ စစ်ရေးအကူအညီ၊ စိုက်ပျိုးရေးအကူအညီ၊ စီးပွားရေးအကူအညီယူခဲ့ခြင်းသည်ပင်လျှင် အင်္ဂလိပ်တို့၏ သိမ်းပိုက်လိုစိတ်ကို ပိုမိုသျှင်မြန်စေခြင်း။

(၄) ပြင်သစ်တို့သည် ၎င်းတို့ပိုင်တုံကင်(အင်ဒိုချိုင်းနား) နယ်မှ ရှမ်းပြည်ကို ဖြတ်၍ မီးရထား လမ်း ဖေါက် လုပ် ရန် စေ့စပ်လာရာ မြန်မာတို့က သဘောတူညီလိုက်ခြင်း။

(၅) ပြင်သစ်၏ စီးပွားရေးအကူအညီကိုလက်ခံခြင်း။

(၆) ပြင်သစ်တို့သည် အာနန်-တုံကင်မှ အ ခြေ စိုက် ၍ တဖြည်းဖြည်း ယိုးဒယားပြည် ဘက်သို့ နယ်ချဲ့ လာ သော ကြောင့် အထက်မြန်မာပြည်တွင် ပြင်သစ်တို့ အခြေမစိုက်မိ စေရန်ရည်သန်၍ မြန်မာနိုင်ငံကိုသိမ်းပိုက်ရန် အင်္ဂလိပ်တို့ အကြောင်းရှာခြင်း။

(၇) ဗြိတိသျှအရင်းရှင်ပိုင် ဘုံဘေဘားမား သစ်ကုမ္ပဏီ မှ သစ်ခိုးထုတ်မှုနှင့် ပတ်သက်၍ ထိုကုမ္ပဏီအား ဒဏ်ငွေတပ် သည်ကို အင်္ဂလိပ်တို့က မကျေမနပ်ဖြစ်ခြင်း။

(၈) သစ်ခိုးမှုတွင် မြန်မာအစိုးရနှင့် ဗြိတိသျှအရေးပိုင် တဦးကပူးပေါင်းစစ်ဆေး၍ ၎င်းအရေးပိုင်အတွက် အစောင့် စစ်တပ်တခု မန္တလေးတွင် ချထားခွင့်ပြုရန် အင်္ဂလိပ်တို့က တောင်းဆိုခြင်း။

(၉) မြန်မာနိုင်ငံ၏ နိုင်ငံခြားဆက်သွယ်ရေးကို ဗြိတိသျှ တို့အား အပ်ရမည်ဟုဆိုခြင်း။



www.burmesesclassic.com

www.burmesesclassic.com

## ☆ စစ်ဖြစ်ခြင်းနှင့်နှစ်ဘက်အင်အား

မြန်မာတို့ဘက်မှ ခုခံတိုက်ခိုက်ရန် စစ်ပြင်ဆင်မှုများကို အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်လေသည်။

ခုခံတိုက်ခိုက်ရန်အတွက်....(၁) အောက် မြစ် စဉ် ရေကြောင်း ဌာန (လက်ဝဲဝင်း တော်မှူး ကြီး သီရိမဟာ ဇေယျ ကျော် ထင်ဘွဲ့ရ လှေသင်း အ တွင်းဝန် ဦးရွှေမောင်)

(၂) တောင် တွင်း ကြီး စစ်ကြောင်း ဌာ န (မြို့ဝန်အက္ကပတ် မြင်း ဝန် ပင်း မြို့ စား မင်း ကြီး မဟာမင်းထင်ရာဇာ)။

(၃) တောင်ငူစစ်ကြောင်း ဌာန (မြို့ ဝန် ရွှေ လုံ့ ဗိုလ်ကောလင်းမြို့စား၊ မင်းကြီး မ ဟာ မင်း ခေါင်နော်ရထာ)။ အသီးသီး အုပ်ချုပ် ချီ တက် သွားစေသည်။



www.burmesesclassic.com

www.burmesesclassic.com

အောက်မြစ်စဉ် စစ်ကြောင်းတွင် ပါဝင်ချီတက်သော တပ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

* စက်ဝန်၊ ယွန်းစုဝန်မင်းရဲညွန့်တပ် = လူ ၁၀၀။
* တောင်ထားဝယ်ဗိုလ်၏တပ် = လူ ၁၀၀။
* မြောက်ထားဝယ်ဗိုလ်၏တပ် = လူ ၁၀၀။
* အမြောက်တပ်ခွဲ ထိပ်ဝ၄-လက်မအမြောက်(၁၈)လုံး = } လူ ၅၀။
* စိန်လုံးရေ(၅)လက်နှင့်တပ်တတပ် = "မဖော်ပြ"
* လက်ရွေးကြီးလှေသင်းဗိုလ်- မင်းထင်မင်းလှရဲခေါင်သူရိန်၏တပ် = } လူ ၅၀၀။
* စကြာတပ်အမြောက်လုံးရေ(၁၀)လုံး စိန်လုံးရေ(၅)နှင့်တတပ် = "မဖော်ပြ"
* ဖေါင်ဝန်မင်း မဟာ မင်းထင်မင်းလှ သီဟသူ၏တပ် = } လူ ၁၀၀၀။
* လှေသင်းဗိုလ်မဟာမင်းလှသိဒ္ဓိကျော် စွာ၏တပ် = } လူ ၅၅၀။
* ပြည်လုံးအုံလှေသင်းဗိုလ်မင်းကျော် သိဒ္ဓိရန်အောင်၏တပ် = } လူ ၅၀၀။



www.burmesesclassic.com

www.burmesesclassic.com

| | | | |
|---|---|---|---|
| * မြောက်ထားဝယ်(လက်သုံး)မင်းထင်ရာဇာ၏တပ် | = | } | လူ ၂၅၀။ |
| * မြေထဲဝန်မဟာမင်းထင်မင်းလှမင်းခေါင်၏တပ် | = | } | လူ ၂၅၀။ |
| စုစုပေါင်း | = | | လူ ၃၄၀၀။ အမြောက်(၁၀)လက် စိန်(၁၀)လုံး။ |

ရောဝတီမြစ်ကြောင်းအတိုင်း၊ ခံစစ်အဖြစ်တာဝန်ယူထားရသော (ဗိုလ်ချုပ် သီရိမဟာဇေယျကျော်ထင်ဘွဲ့ရ လှေသင်းအတွင်းဝန်)သည် ၎င်း၏တပ်များကို မြန်မာအင်္ဂလိပ် နယ်ခြားဒေသမှစ၍ အောက်ပါ အတိုင်း ခံစစ် ကြောင်း (၅) ကြောင်းခွဲကာချထားသည်။

၁။ ဆင်ပေါင်ဝဲနယ် စစ်အောင်ခန်းခံတပ်။
၂။ ထူးပေါက်-ခံကတုပ်။
၃။ ပန်းတော်ပြင်-ခံကတုပ်။
၄။ ရွှေးချောင်း-ခံတပ်။
၅။ မင်းလှခံတပ်။
၆။ နောက်ကြောင်း-အင်အားဖြည့်တပ်။



www.burmesesclassic.com

www.burmesesclassic.com

အင်္ဂလိပ်တို့ဘက်မှ အောက်ပါတပ်များ ပါဝင်လေသည်။

(၁) ရေကြောင်းတပ်ဖွဲ့။ ။* (ရေကြောင်းဗိုလ်ချုပ်ကြီး ဆာ - ဖရက်ဒရစ်ချတ်) ၏ ရေကြောင်း တပ် စုကြီးမှ (ကပ္ပတိန် အာရ်-ဗုဒ်ဝပ်) ဦးစီး သော ရေတပ်ဖွဲ့တဖွဲ့ ပါရှိသည်။ ၎င်းတပ်ဖွဲ့တွင် သင်္ဘော (၂၄) စင်း၊ တို့သမ္ဗာန်ကြီး (၂၃) စင်း ပါဝင်သည်။

(၂) ခြေလျင်တပ်။ ။ * ဗြိတိသျှ တပ်မဟာ (၃) တပ်။

* အိန္ဒိယ အမျိုးသား တပ်မဟာ(၇)တပ်။

* စစ်မြေပြင် စက်မှု လက်မှု တပ်ခွဲ ပေါင်း(၆)တပ်။

* မြေ ပြင် အ ဝေး ပစ် အမြောက်ကြီးတပ်တတပ်။

* ရိုးရိုးစစ်မြေပြင် သုံး အမြောက် တပ်(၂)တပ်။

* တောင်ပေါ် ပစ်အမြောက်တပ်ဖွဲ့ (၃) ဖွဲ့။



www.burmesesclassic.com

www.burmesesclassic.com

စသည်အားဖြင့်၊ အင်အားစုစုပေါင်း (၉၄၆၇) ယောက် ပါဝင်သည်။ အမြောက် (၇၇)လက်ပါဝင်ပြီး ၎င်းတို့အထဲမှ (၂၇)လက်မှာ အမြန်ပစ်စက်သေနပ်များဖြစ်သည်။

(ဗိုလ်ချုပ်-ပရင်ဒါဂတ်စ်)သည်၊ သူ၏ ခြေလျင်တပ်များကို တပ်မကြီး (၃)တပ် ခွဲဝေ၍ ဗိုလ်ချုပ်မှူး-ဖိုးရုးဒ်)၊(ဗိုလ်ချုပ်မှူး-ဝှိုက်)၊ (ဗိုလ်ချုပ်မှူး-နော်မန်) တို့အား ဦးစီးစေသည်။

အင်္ဂလိပ်တို့၏ အထက်ပါ တပ်များသည်၊ (၁၈၈၅)ခု၊ နိုဝင်ဘာလ (၁၄)ရက်နေ့တွင် ဧရာဝတီမြစ်ကြောင်းအတိုင်း မြန်မာနယ်ထဲသို့ စတင်ချီတက်ကြကာ မင်းလှ ခံတပ်နှင့် အင်္ဂလိပ်တို့ စတင်တွေ့ရှိတိုက်ခိုက်ကြသည်။

မြန်မာတို့ဘက်မှမူကား၊ အထက် ဖော်ပြပါအတိုင်း ခံစစ်ကြောင်း(၅) ကြောင်း ခွဲခဝချထားလျက် ဆီးကြို တိုက်ခိုက်ရန် အသင့် စောင့် ဆိုင်း နေကြလေသည်။ ဆင်ပေါင်ဝဲအနီး ထူးပေါက်ရွာမှ အရှေ့ဘက် မြစ်အလည်ရှိ (လွန်ချည်ကျွန်း) အထိ၎င်း၊ မလွန်အနီး နှင့် မင်းလှအနီးတွင်၎င်း၊ မြစ်တွင်းသို့ လှေများ၌ ကျောက်ခဲများတင်၍မြှုပ်ပြီး ရေကြောင်း ပိတ်ဆို့မှုများ ပြုလုပ်ထားလေသည်။

---

## ☆ တိုက်ပွဲစဉ်များ

---

### (၁) ၁၈၈၅-ခု၊ နိုဝင်ဘာလ(၁၄)ရက်

ဗိုလ်ချုပ် - ပရင်ဒါဂတ်စ် ခေါင်း ဆောင် သော တပ်သား(၉၄၆၇)ဦးခန့်ရှိ ဗြိတိသျှရေတပ်-ကြည်း



www.burmesesclassic.com

www.burmesesclassic.com

တပ်များသည်၊ အထက် မြန်မာနိုင်ငံ၏ နယ်စပ်ဖြစ်သော သရက်မြို့ကို ဖြတ်ကျော်ချီတက်ကြသည်။

(၂) ၁၈၈၅-ခု၊ နိုဝင်ဘာလ(၁၆)ရက်

ရောဝတီမြစ်ဝဲယာရှိ၊ ဆင်ပေါင်ဝဲနှင့် ညောင်ပင်မှော်ခံတပ်များကို ဖြတ်ကျော်ချီတက်သည်။

(၃) ၁၈၈၅-ခု၊ နိုဝင်ဘာလ (၁၇)ရက်

ဧရာဝတီမြစ်ဝဲယာရှိ ဂွေးချောင်း နှင့် မင်းလှ ခံတပ်များကို တိုက်ခိုက်သိမ်းပိုက်မိသည်။

(၄) ၁၈၈၅-ခု၊ နိုဝင်ဘာလ(၂၀)ရက်

မကွေးမြို့၌ ဧရာဝတီ မြစ်ကြောင်းကို ပိတ်ဆို့ရန်တာဝန်ပေးခြင်း ခံရသော အီတာလျံ လူမျိုး(ကိုမိုတို)နှင့် (မိုလီနာရီ)တို့ လက်နက်ချကြသည်။

(၅) ၁၈၈၅-ခု၊ နိုဝင်ဘာလ(၂၂)ရက်

သောင်ဦးမြို့ရှိ မြန်မာအမြောက်တပ်များ၏ပစ်ခတ်မှုကို ခံရသော်လည်း မြို့ကို တိုက်ခိုက် သိမ်း ပိုက်မိသည်။

(၆) ၁၈၈၅-ခု၊ နိုဝင်ဘာလ(၂၄)ရက်

ပခုက္ကူမြို့ကို ဖြတ်ကျော်၍ မြင်းခြံမြို့ကို တိုက်ခိုက်သိမ်းပိုက်သည်။



www.burmesesclassic.com

www.burmesesclassic.com

(၇) ၁၈၈၅-ခု၊ နိုဝင်ဘာလ(၂၆)ရက်

ရန္တပိုရွာကို ဖြတ်ကျော်သည်။ ၎င်းနေ့ ငဇွန်ရွာ အနီးတွင် မြန်မာဘုရင်ထံမှ (ကျောက်မြောင်း အတွင်းဝန်နှင့် ဝက်မစွတ်ဝန်ထောက်)တို့ဦးဆောင် သော အဖွဲ့မှ စစ်ပြေငြိမ်းရေးစကား ကမ်းလှမ်း သည်။ သို့သော် အင်္ဂလိပ်တို့က ငြင်းဆိုလိုက်သည်။

(၈) ၁၈၈၅-ခု၊ နိုဝင်ဘာလ(၂၇)ရက်

အင်းဝခံတပ်ရှိ ဗိုလ်မှူးကင်း အတွင်းဝန် ခေါင်း ဆောင်သောမြန်မာတပ်များကိုအင်္ဂလိပ်တို့စခန်းဝိုင်း တိုက်ခိုက်ရန် ပြင်ဆင်နေစဉ် နေပြည်တော်မှ အမိန့် အရ မြန်မာတပ်များ လက်နက်ချလိုက်ရသည်။

(၉) ၁၈၈၅-ခု၊ နိုဝင်ဘာလ(၂၈)ရက်

မန္တလေး နေပြည်တော် ဆိပ်ကမ်းသို့ အင်္ဂလိပ်ဘပ် များ ရောက်ရှိသည်၊ ၎င်းနေ့တွင် အင်္ဂလိပ်တပ်များ က နန်းတော်သို့ ချီတက်ဝန်းရံပြီးနောက်၊ သီပေါ မင်းနှင့် ကင်းဝန်မင်းကြီး ဦးဆောင်သော မြန်မာ မှူးမတ်များနှင့် တွေ့ဆုံ၍ လက်နက်ချရန် စကား ကမ်းလှမ်းသည်။



www.burmesesclassic.com

www.burmesesclassic.com

(၁၀) ၁၈၈၅-ခု၊ နိုဝင်ဘာလ (၂၉)ရက်

ဗိုလ်ချုပ်-ပရင်းဒါဂတ်စ် ဦးဆောင်သော အင်္ဂလိပ်တပ်များသည် စစ်အခမ်းအနားဖြင့် ချီတက်ကာ သီပေါမင်းနှင့်စုဖုရားသတ်အားဖမ်းဆီးခေါ်ဆောင်သွားပြီး၊ အထက်မြန်မာနိုင်ငံတော်အား လုံးဝသိမ်းပိုက်လိုက်ကြသည်။

## ☆ စစ်ရှုံးရခြင်း၏ အကြောင်းရင်းများ

(၁) မြန်မာနိုင်ငံနန်းတွင်းရေး မငြိမ်သက်မှုများကြောင့် နိုင်ငံရေးနှင့်ပုဂ္ဂိုလ်ရေးအုပ်စုကွဲမှုများဖြစ်လာခြင်း။

(၂) မြန်မာတနိုင်ငံသုံး စည်းလုံးညီညွတ်မှု မရှိခြင်း။

(၃) နိုင်ငံရေး၊ ပုဂ္ဂိုလ်ရေးကွဲ၍ စည်းလုံး ညီညွတ်ခြင်း မရှိသဖြင့်အုပ်ချုပ်ရေး ညံ့ဖျင်းလာခြင်း။

(၄) သွေးကွဲလာသဖြင့် အမိန့် နာခံမှုမရှိ၊ စည်းကမ်းသေဝပ်မှုမရှိခြင်း။

(၅) စီးပွားရေးဘက်တွင် တောင့်တင်းမှု မရှိခြင်း။

(၆) အင်္ဂလိပ်တို့က လက်နက်အင်အား၊ လူအင်အား၊ ထောက်ပံ့ပို့ဆောင်မှု စွမ်းအင်များ၊မြန်မာတို့ထက် မယှဉ်သာအောင်သာလွန်ကောင်းမွန်လျက်ရှိခြင်း။

(၇) မြန်မာနိုင်ငံ၏ နိုင်ငံရေး အခြေအနေ မငြိမ်မသက်



www.burmesesclassic.com

www.burmesesclassic.com

ဖြစ်နေပြီး၊ နန်းတွင်းရေး အရှုပ်အထွေးများကြောင့် အမြဲတမ်းမြန်မာ့တပ်မတော်နှင့် အခရေးပေါ်ဆင့်ခေါ်၍၊ ဖွဲ့စည်းထားသော တပ်များသည် အင်္ဂလိပ်တို့အား တစည်းတလုံးထည်းတိုက်ခိုက်ခြင်း၊ အချိန်နှင့် ကိုက်၍ တိုက်ခိုက်ခြင်းမပြုနိုင်ခြင်း။

(၈) စည်းလုံးညီညွတ်သော ဦးဆောင်မှုကင်းမဲ့ခြင်း။

(၉) မြန်မာတို့သည် ခေတ်နှင့်အလိုက်တိုးတက်လျက်ရှိသော စစ်ပညာများကို လျစ်လျူရှုခဲ့မိသဖြင့် ပထမနှင့် ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲများ ရှုံးခဲ့ရခြင်းကိုပြုပြင်ရန် ကြိုးစားခဲ့သော်လည်း အချိန်နှောင်းခဲ့ခြင်း။

BURMESE CLASSIC .com

---

## ☆ နယ်ချဲ့စစ်ပွဲအားဆန်းစစ်ခြင်း

---

(၁၀) ရာစုမှသည် (၁၉)ရာစုနှစ် ပထမနှစ်အစိတ်အပိုင်းအထိ၊နှစ်ပေါင်း (၁၀၀၀) မျှအတွင်း၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ သဘောတရားရေး အခြေခံ ပြောင်းလဲမှုများ မြန်မာနိုင်ငံတွင် မဖြစ်ပေါ်ခဲ့ချေ။

ယင်းသို့နှစ်ပေါင်း(၁၀၀၀)ကျော်မျှအပြောင်းအလဲမရှိ၊ မိမိ၏ စီးပွားရေး လူမှုရေး၊ ပညာရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ သဘောတရားရေးများနှင့် မိမိမြန်မာ နိုင်ငံသည်



www.burmesesclassic.com

www.burmesesclassic.com

ကျေနပ်နှစ်ခြိုက်၍ ပျော်မွေ့နေခဲ့၏။ ယင်းအလယ်ခေတ် မြန်မာနိုင်ငံသည် (၁၁) ရာစုနှစ်မှ (၁၈) စုရာနှစ်၊ နှစ် ပေါင်း (၈၀၀) အတွင်း၊ စီးပွားရေး၊ ပညာရေး၊ သဘောတရားရေး များ တရွေ့ရွေ့ ပြောင်းလဲ လာခဲ့ရာမှသည် နက်နဲသော လူမှုတော်လှန်ရေးများ ဖြစ်ပွား၍ အလယ်ခေတ် ပဒေသရာဇ် စံနစ်မှ လွန်မြောက်ပြီး အရင်းရှင် နိုင်ငံများအဖြစ် ထွန်းကား လာသော ဥရောပအင်အားများဖြစ်သည့် ဗြိတိသျှ ပြင်သစ် ဒတ်ချ်-ပေါ်တူဂီတို့နှင့် (၁၇၊၁၈၊၁၉)ရာစုနှစ်များ အတွင်း ဆက်ဆံလာခဲ့ရလေသည်။ အထူးသဖြင့် ပဒေသရာဇ် အိန္ဒိယကို သိမ်းပိုက်ထားသော ဗြိတိသျှ အင်အားနှင့် အိန္ဒိယ-မြန်မာ နယ်စပ်တွင် (၁၈) ရာစုအတွင်း ရင်ဆိုင် လာခဲ့ရလေသည်။

လူမှုရေးအားဖြင့်ဆိုပါမူ၊ မြန်မာ တိုင်းရင်းသား တို့၏ အမျိုးသား ဦးစီးခေါင်းဆောင်မှာပဒေသရာဇ်ဖြစ်၍၊ ဗြိတိသျှ တို့၏ အမျိုးသား ဦးစီး ခေါင်း ဆောင်မှာ အရင်းရှင်ဖြစ် လေသည်။ အလယ်ခေတ် ဥရောပ ပဒေသရာဇ်တို့ကို တော်လှန်၍ ဥရောပတွင် စိုးစံနေခဲ့သော ဥရောပအရင်းရှင်သည် အာရှ သို့ ရောက်လာသောအခါ၊ အာရှ ပဒေသရာဇ်တို့ကို ဩဇာခံ သဘွယ်သာသဘောထား၍ လက်အောက်ခံ နိုင်ငံများဖြစ်စေ ရန်သာ ကြိုးပမ်းခဲ့လေသည်။

စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ လူမှုရေး၊ တရား ဥပဒေရေး၊ ရာဇပရိယာယ်ရေး၊ သဘောတရားရေး၊ စစ်ရေး တို့အားဖြင့် ပဒေသရာဇ်တို့၏ အားနည်းမှု အထွေထွေကို လက်တွေ့ အတွေ့ အကြုံဖြင့် အားလုံး ခြုံ၍ သိမြင်ထား

www.burmesesclassic.com

သော ဥရောပ အရင်းရှင် (ဝါ) ဗြိတိသျှ အရင်းရှင်သည် မြန်မာပဒေသရာဇ်တို့အား မထေမဲ့မြင်ပြုလေသည်။

ပထမ အင်္ဂလိပ်-မြန်မာစစ်(၁၈၂၄-၁၈၂၆-ခုနှစ်)။ ဖြောင်း

လဲတိုးတက်လာသော ဥရောပအရင်းရှင် စံနစ်ကိုရင်း၊ မိမိ၏ အဘက်ဘက်က အားနည်းမှုကိုရင်း၊ မြန်မာ ပဒေသရာဇ်တို့သည် မြင်စွမ်းနိုင်ခြင်းမရှိကြချေ။ ဖုလုံပြည့်စုံနေသော မိမိတို့၏ ဘဝကိုသာ မိမိတို့ ကျေနပ်နေခဲ့ကြ၏။ အာရှပဒေသရာဇ်လောကတွင် မိမိ၏ ပြိုင်ဘက် ကင်းမှုကို အထင် ကြီးနေခဲ့ကြ၏။ ကမ္ဘာနှင့် ကင်းကွာ၍သီးခြားနေ၍မရသော မြန်မာနိုင်ငံ၏ အဖြစ်ကို မရိပ်မိခဲ့ကြချေ။ ဥရောပ ပဒေသရာဇ်တို့၏ ရဲတိုက်ကို ဖြိုချခဲ့သော အရင်းရှင် သေနတ် ယမ်းမှုသည် မြန်မာပဒေသရာဇ်တို့၏ သစ်ခံတပ်နှင့် မြို့ရိုးကိုလည်း ဖြိုချခဲ့လေသည်။ ယင်းသို့အားဖြင့် ပထမ အင်္ဂလိပ် မြန်မာစစ်တွင် မြန်မာတို့ဖက်မှ ရှုံးခဲ့ရလေသည်။

ဒုတိယ အင်္ဂလိပ်မြန်မာစစ် (၁၈၅၂-၁၈၅၃-ခုနှစ်)။ ပထမ

အင်္ဂလိပ် မြန်မာစစ်ရှုံးပြီးနောက်၊ မိမိတို့ ဘာ့ကြောင့်စစ်ရှုံးရသည်ကို မြန်မာ ပဒေသရာဇ်တို့သည် စီးပွားရေး၊ လူမှုရေး နိုင်ငံရေး၊ သဘောတရားရေး များအားဖြင့် အားလုံးခြုံ၍ ပြန်လည်ဝေဖန်သုံး သပ်ခြင်း မပြုခဲ့ကြချေ။ စစ်ရေးအင်အားနည်းမှုနှင့် စစ်ရေး အမှား တခုတည်းကိုသာ ကြည့်ရှုဝေဖန်၍ စစ်အင်အားကိုသာ၊သာယာဝတီမင်းသည်ဖြည့်တင်းခဲ့၏။ရခိုင်



www.burmesesclassic.com

www.burmesesclassic.com

တနင်္သာရီကို သိမ်းပိုက်ပြီးနောက်၊ ဗြိတိသျှ အရင်းရှင်သည် အနောက်မြောက် နယ်ခြား အရေးနှင့် အာဖဂန် အရေးတို့ကြောင့် ထိုအချိန်က မြန်မာနိုင်ငံတွင် မလှုပ်ရှားသာခဲ့ချေ။ အနောက်မြောက် နယ်ခြားနှင့် အာဖဂန်စစ်များပြီး၍၊ ခြေခင်းလက်ခင်း သာသည်နှင့် ဗြိတိသျှ အရင်းရှင်သည် ပုဂံမင်း လက်ထက် မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် ကျူးကျော်စစ်ကို ဆင်နွှဲ ပြန်လေသည်။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ပညာရေးပြောင်းလဲမှုတို့ကို ပြုလုပ်ရန် ငြင်းဆန်းခဲ့သော ပဒေသရာဇ် မြန်မာနိုင်ငံသည် ဒုတိယ အင်္ဂလိပ် မြန်မာစစ်တွင် တခါထပ်၍ ရှုံးခဲ့ရပြန်လေသည်။

**တတိယ အင်္ဂလိပ် - မြန်မာစစ် (၁၈၈၅-ခုနှစ်)။** ။ဒုတိယ အင်္ဂလိပ် - မြန်မာ စစ်ပြီး၍ ရခိုင် တနင်္သာရီနှင့် အောက် မြန်မာနိုင်ငံ တပိုင်းသုံးကို သိမ်းပိုက်ခြင်းခံထားရသော မြန်မာနိုင်ငံသည် အလွန်အားနည်းပေပြီ။

အမှန်အားဖြင့် မန္တလေးခေတ်တွင် ဗြိတိသျှတို့က အထက် မြန်မာနိုင်ငံအား သူ၏အစောင့်အရှောက်ခံနိုင်ငံသဖွယ်ကိုလို့ အပိုင်း နိုင်ငံသဖွယ် သဘောထားခဲ့လေသည်။

ကာကွယ်ရေး၊ စီးပွားရေးနှင့် ပတ်သက်၍ မြန်မာတို့က ဗြိတိသျှတို့အား အလျှော့ပေး၍ ဆောင်ရွက်နေရသောအချိန် အခါဖြစ်ပေသည်။



www.burmesesclassic.com

www.burmesesclassic.com

မြန်မာ ခေါင်းဆောင်များ ဖြစ်သော မင်းတုန်းမင်းနှင့် ကနောင်မင်းတို့သည်၊ စက်ရုံများ တည်ထောင်ခြင်း၊ နိုင်ငံခြားသို့ သိပ္ပံပညာ၊ စက်မှုပညာ၊စစ်ပညာသင်များစေလွှတ်ခြင်း၊ အရင်းရှင်ဒီမိုကရေစီပေးခြင်း အရိပ်အရောင်ဖြစ်သော ရာတနာပုံသတင်းစာ တည်ထောင်ခြင်း၊ ဘုရင့် တပ်မတော်ကို ခေတ်မှီတပ်မတော်ဖြစ်ရန် ကြိုးပမ်းခြင်း၊အနောက် နိုင်ငံများနှင့် မဟာမိတ်ဖွဲ့ခြင်း စသည့်အရင်းရှင် ပြုပြင်မှုများ ပြုလုပ်ခဲ့ကြ၏။

အရင်းရှင်ခေတ်နှင့်အညီ ပြောင်းလဲရန် အားယူနေဆဲ၊ အချိန်ယူဆဲကာလဟု ဆိုရန် ရှိပေသည်။ တိုး တက်နေသော အနောက်နိုင်ငံများနှင့်ဆက် သွယ်ရန် ထွက်ပေါက်ဖြစ်သော အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ခြင်းခံထားရ၍၊ အခြေအနေရဆိုသော် အတန်ငယ် နောက်ကျနေခဲ့ပေသည်။ ဘိုးတော်ဘုရားလက်ထက်ကတည်းက၊ သို့မဟုတ် နောက်အကျဆုံး ပထမစစ်ရှုံးပြီးစ သာယာဝတီမင်းလက်ထက် က၊ပြုလုပ်သင့်သော လုပ်ငန်းများကို၊ မင်းတုန်းမင်း လက်ထက် ရောက်မှသာ လုပ်ကိုင်ဆောင်ရွက်ရလေသည်။ ယင်းသို့ ဆောင်ရွက်ရာထွင် ဗြိတိသျှ အရင်းရှင်တို့၏ အနှောက်အယှက်အမျိုးမျိုးကိုလည်း မြန်မာတို့ဘက်မှ ခံခဲ့ရပေ၏။

ယင်းသို့ အရင်းရှင် ပြောင်းလဲမှုများ၊ စီးပွားရေးတည်ဆောက်မှုများ မင်းတုန်းမင်း၊ ကနောင်မင်းတို့ လက်ထက်တွင် စတင်ပြုခဲ့ကြသော်လည်း၊ လူမှုရေး၊ ယဉ်ကျေးမှုသဘောတရားရေး၊ နိုင်ငံရေးတို့ ပြောင်းလဲခဲ့သည် မဟုတ်ချေ။ခေတ်လယ် ပဒေသရာဇ်စနစ်သည် ဆက်လက် အားကောင်းနေဆဲပင်ဖြစ်လေသည်။



www.burmesesclassic.com

www.burmesesclassic.com

ခေတ်မှီ အချင်းချင်စံနစ် တည်ထောင်လိုသူနှင့် ခေတ်လယ်ပဒေသရာဇ်စံနစ် ဆက်လက် တည်တံ့စေလိုသူတို့၏ ပဋိပက္ခသည် မင်းတုန်းမင်းလက်ထက်မှ သီပေါမင်းလက်ထက်အထိ ဆက်လက် အားပြိုင်ဖြစ်ပွားနေခဲ့၏။

သီပေါဘုရင် လက်ထက်တွင်....

* ကျေးကျွန် စံနစ် အကြွင်းအကျန်များပြုပြင်ခြင်း။
* ခေတ်နှင့်လျော်ညီသော ဝန်ကြီးအဖွဲ့ ဖွဲ့စည်းခြင်း။
* ခေတ်မှီ တပ်မတော် ဖြစ်၊ ပြင်သစ်-အီတလီ စစ်အရာရှိများနှင့် ခေတ်မှီသေနတ်များ ရရန်ကြိုးပမ်းခြင်း၊
* ခေတ်မှီစက်မှုလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခြင်း။
* နိုင်ငံခြားနှင့် ကူးသန်း ရောင်းဝယ်ရေးလုပ်ငန်း တိုးချဲ့ရေးကြိုးပမ်းခြင်း။
* ခေတ်မှီ သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများ အစပျိုး လုပ်ကိုင်ခြင်း။

စသည်တို့ကို လုပ်ကိုင်ခဲ့၏။ ထိုသို့သော အခြေအနေတွင် ပြင်သစ်အရင်းရှင်တို့က မြန်မာပဒေသရာဇ်တို့နှင့် စေ့စပ်ပြီး၊



www.burmesesclassic.com

www.burmesesclassic.com

မြန်မာနိုင်ငံ စားကျက် အတွင်းသို့ငင်၍ နေရာ ယူလာကာ ဗြိတိသျှတို့နှင့် စီးပွားရေးနယ်တွင်ယှဉ်ပြိုင်လာလေသည်။ ၎င်းအချက်ကိုသည်းခံ ခံနိုင်စွမ်း မရှိသော ဗြိတိသျှ အရင်းရှင်တို့သည် မြန်မာနိုင်ငံတွင် တတိယအကြိမ် ကျူးကျော် စစ်ကို ဆင်နွှဲပြန်လေသည်။

ခေတ်နှင့်လျော်ညီသော အခြေခံစီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ စစ်ရေးပြောင်းလဲမှုများ ပြုလုပ်ရန်နောက်ကျခဲ့သောကြောင့်၊ အဖက်ဖက်မှ အားနည်းနေခဲ့သော မြန်မာနိုင်ငံသည် ပင်လယ်ဆိပ်အမ်းမှ ဗြိတိသျှတို့က ပိတ်ဆို့ထားပြီးဖြစ်သောကြောင့်၎င်း၊ စစ်ဗေါမသောချာဍုများက ဗြိတိသျှတို့ဘက်မှ အသာ ပေးခဲ့သောကြောင့်၎င်း၊ သီပေါဘုရင် လက်ထက်တွင် ဗြိတိသျှ လက် အောက် သို့ မြန်မာနိုင်ငံအလုံး ရောက်ခဲ့ရလေသည်။

---

## ☆ မင်းလှခံတပ်နှင့်တိုက်ပွဲများ

---

**• စစ်အောင်ခန်း-ခံကတုတ်တိုက်ပွဲ**

၁၈၈၅-ခု၊ နိုဝင်ဘာလ (၁၄)ရက်နေ့တွင် အင်္ဂလိပ်တပ်များသည် အင်္ဂလိပ်-မြန်မာနယ်ခြား ကျောက်တိုင်ကို ဖြတ်ကျော် ချီတက်လာသည်။ ၎င်းနောက်စစ်အောင်ခန်း ခံကတုတ်ကို ဝိုင်းဝန်း တိုက်ခိုက်သည်။ မြန်မာ့ တပ်မ တော် မှ (မင်းထင်ရာဇာတပ်) နှင့် မြေထဲမြို့ဝန် (မဟာမင်းလှမင်းခေါင်တပ်)များက အမြောက်စိန်ပြောင်းတို့ဖြင့် ပြင်းပြင်းထန်ထန်ပြန်လည်တိုက်ခိုက်သည်။



www.burmesesclassic.com

www.burmesesclassic.com

အီတလီလူမျိုး (ကွန်မွန်တို) ဦးစီးသည့် မြန်မာတပ်ဖွဲ့က ဒင်္ဂလိပ်သင်းဘောများ မချဉ်းကပ်နိုင်ရန်၊ ရေတိမ်ရာ နေရာများတွင် ခြောင့်များ ထောင်ထားကြသည်။ (ကွန်မွန်တို) ဦးစီးသော (တုလွှတ်ယာဉ်ကျော်)သင်းဘောသည် အင်္ဂလိပ်တို့အဖမ်းခံရသည်။ ကွန်မွန်တိုနှင့် မြန်မာ့ တပ်မတော်သားများကား လွတ်မြောက်သွားသည်။

ထူးပေါက်-ခံတပ်တိုက်ပွဲ

နိုဝင်ဘာလ (၁၆) ရက်နေ့တွင် အင်္ဂလိပ်တပ်မျာ၊ ဆင်ပေါင်ဝဲသို့ ချီတက်တိုက်ခိုက်ကြသည့်ရည်ရွယ်ချက်မှာ-

✱ ထူး ပေါက်ကတုတ်

✱ မင်းလှ ခံတပ်

✱ ဂွေးချောင်းခံတပ်တို့ကို သိမ်းယူရန်ဖြစ်သည်။ နံနက် (၇) နာရီ မိနစ် (၂၀) တွင် ဇောင်ခြမ်း ရွာ ရောက်ပြီး အင်္ဂလိပ်တပ်များသည်၊ သင်းဘောပေါ်မှကမ်းသို့တက်သည်၊ (၁၀)နာရီ (၁၅) မိနစ်တွင် ထူးပေါက်ခံကတုတ်သို့ရောက်သည်။ တိုက်ပွဲဖြစ်သည်။ မြန်မာတို့က ပြင်းပြင်းထန်ထန်ခုခံတိုက်ခိုက်သည်။ ၃-နာရီခန့်ခုခံပြီးနောက်၊ အင်အားမမျှ သဖြင့် (ပန်းတော်ပြင်) ကတုတ်သို့ ဆုတ်ကာ (မင်းရဲညွန့်)တပ်နှင့်ပေါင်းရသည်။ အင်္ဂလိပ်တို့က ထူးပေါက် ခံတပ် ကတုတ်ကို သိမ်းယူကာ မီးရှို့ဖျက်ဆီးပစ်ရုံမက၊ မြန်မာတို့၏ ကြေးနန်းရုံကိုပါ သိမ်းပိုက်လိုက်သည်။



www.burmesesclassic.com

www.burmesesclassic.com

ဂွေးချောင်း ခံတပ်တိုက်ပွဲ

နိုဝင်ဘာလ(၁၇)ရက်နေ့တွင်၊ဗိုလ်ချုပ်(ပရင်ဒါဂတ်စ်) သည် ကြည်းတပ်ရင်း(၉)ရင်း၊ ရေတပ်တတပ်တို့ဖြင့် ဂွေး ချောင်း ခံတပ်ကို တိုက်ခိုက်ရန် စီစဉ်သည်။ အစီအစဉ်အရ၊ နံနက် ၈-နာရီတွင် အင်္ဂလိပ်ရေတပ်သည် (ပတ္တနဝိုရ်ရွာ)၏ အထက်နားတွင် တပ်စွဲကာ ကုန်းပေါ်သို့တက်ရောက်တိုက် ခိုက်ရန် စီစဉ်ပြန်သည်။ ထိုနေ့ရာမှ၊ သည်-ဂွေးချောင်းခံတပ် ပေါ်သို့ မျှော်ကြည့်လိုက်လျှင်ကား—မြန်မာ့ စစ်တန်ခွန်-စစ် အလံတို့သည် လေကစားတိုင်း တလူလူ လှုပ်ရှား လျက်ရှိ သည်။ မောက်တို၊ မောက်ရှည်၊ ဗာလည်ကွေးများဝတ်ဆင် ထားသော မြန်မာ့စစ်သည်တော်များကို ကောင်းစွာမြင်ရ သည်။ ထိုနေ့တွင် တိုက်ပွဲကြီးဖြစ်သည်။ အပြန်အလှန်ပစ်ကြ ခတ်ကြသော အမြောက်စိန်ပြောင်းတို့ အသံကား၊ မိုးပြိုသည့် နှယ်တည်း။ ဘေးပတ်လည်မှညှပ်၍ ဂွေးချောင်း ခံတပ်ကို တိုက်ခိုက်ကြသည်။

လက်နက်အင်အား၊ကျွမ်းကျင်မှုအင်အားမမျှတသောမြန် မာတို့မှာ အရေးမသာတော့ချေ။ တတ်နိုင်သမျှခုခံကြသော် လည်း၊ အင်္ဂလိပ် ကုန်းတပ်-ရေတပ်တို့၏ ညှပ်ပိုတ် တိုက်ခိုက် ခြင်းခံခဲ့ရကား၊ နိုဝင်ဘာလ(၁၇)ရက်နေ့လည် ၁-နာရီတွင် ဂွေးချောင်းခံတပ်ကျဆုံးရသည်။ထိုတိုက်ပွဲတွင်မြန်မာ့တို့ဘက် မှ တပ်မှူး (မင်းကျော်သိဒ္ဓိရန်အောင်) ကျဆုံးသည်။



www.burmesesclassic.com

www.burmesesclassic.com



မြန်မာတို့ဘက်မှ ✻ မင်းထင်မင်းလှ ကျော်ခေါင်တပ်
✻ မဟာမင်းထင်မင်းခေါင်တပ်

တို့ပူးပေါင်းကာ၊ လူအင်အား(၁၀၀၀)၊ ဆင်(၅၀၀)၊ မြင်း(၂၀၀)တို့ဖြင့် ဆုပ်ဒးပ်သောလက်သီး၊ စည်းအပ်သော ထင်းချောင်းပမာကြံ့ခိုင်စွာဖွဲ့စည်းထားသည်။

ဂွေးချောင်း ခံတပ် တိုက်ပွဲဖြစ်နေစဉ်၊ ဧရာဝတီမြစ် အနောက်ဖက်ရှိ (ပန်းတော်ပြင်ခံကတုတ်) ၌ လည်း သဲသဲ မဲမဲ တိုက်ပွဲဖြစ်လျက်ရှိသည်။ ထိုစဉ်-မန္တလေးလွှတ်တော်မှ—

"အင်္ဂလိပ်တပ်များအား ခုခံ မတိုက်ခိုက်ရ။ ခုခံတိုက်လျှင် သူပုန်။" ဟူသော ကြေးနန်းရောက်လာ၏။ ထိုနောက်တဖန်၊ "ရန်သူအင်္ဂလိပ်တို့အား ဆက်တိုက်၊ နောက်ထပ်စစ်ကူများ ပို့မည်။" ဟူသော ကြေးနန်းရောက်လာပြန်၏။ မြန်မာ တို့ကား၊ မတိုက်ခိုက်ရဘဲ အင်္ဂလိပ်တို့အား ဒူးထောက်အရှုံး မပေးနိုင် ဟု ဆိုကာ ရွတ်ရွတ်ချွန်ချွန်တိုက်ခိုက်ရန် ခါးသွေးကာ အားမွေးလျက်ရှိ၏။

ဂွေးချောင်း ခံတပ်ကျဆုံးပြီးနောက် မြန်မာတို့သည် စုမိ သမျှအင်အားနှင့်ခုခံရန် (ဦးကင်းဘုရား)တွင် စောင့်ဆိုင်းနေ၏။ နိုင်ဝင်ဘာလ(၁၇)ရက်နေ့တနေ့ခင်းလုံး ၎င်း ဦးကင်း ဘုရားမှ ခုခံတိုက်ခိုက်သည်။ ကြာသော် အင်္ဂလိပ်ထိုးစစ်အား မြင်းထန်လာသဖြင့် (ကုန်းရွာ)သို့ ဆုတ်ခွါပေးလိုက်ရသည်။ ၎င်းမှတဖန်၊ တဖြည်းဖြည်း မင်းလှမြို့တွင်းသို့အရောက် ဆုတ်ခွါကာခုခံရသည်။



www.burmesesclassic.com

www.burmesesclassic.com

မြန်မာတို့ကား၊ ရေကြောင်း - ကြည်းကြောင်း တို့ တွင် အဖက်ဖက်မှ ကျဆုံးခဲ့ရသည်။ တခုတည်းသောအားကိုးရာမှာ (မင်းလှခံတပ်)သာလျှင် ကျန်တော့သည်။

မင်းလှခံတပ်တိုက်ပွဲ

* သာမန်ကြည့်သော် ရွှံ့တုံးကြီးဟုထင်ရသည်။
* စင်စစ်၊ အုတ်၊ အင်္ဂတေများဖြင့် ခိုင်ခံ့စွာ ဆောက်လုပ်ထားသော ခံတပ်ကြီးတည်း။

အင်္ဂလိပ်များသည် အစီအစဉ်အတိုင်း မင်းလှခံတပ်ကို တိုက်ခိုက်သည်။ အင်္ဂလိပ်နံပတ် (၁၁) ဘင်းဂေါလ် ခြေလျှင်တစ်က ခံတပ်၏ နောက်ဖက် တံခါးမကြီးကို အတင်းဝင်ဖွင့်ရန် ကြိုးစားတိုက်ခိုက်သည်။ မြန်မာတို့ကလည်း ပြင်းဆန်စွာပင် အမြောက်ကြီးများ၊ (မားစကက်) သေနတ်များဖြင့် ခုခံသည်။ အနီးကပ်တိုက်ပွဲများ ဖြစ်သည်တကြောင်း၊ လမ်းခရီးကွေ့ကောက်သည် အကြောင်းတို့ကြောင့် အင်္ဂလိပ်တပ်များသည် အခက်အခဲ အမျိုးမျိုးနှင့် ရင်ဆိုင်နေရသည်။ ထိုကြောင့် အင်္ဂလိပ်တို့အဖို့ မှန်းချက်နှင့် နှမ်းထွက် မကိုက်ကြတော့ချေ။ မြန်မာတို့ကလည်း ဇွဲသတ္တိ ကြီးမားစွာ ခုခံနေကြောင်း တွေ့ရသည်။

(ကာနယ်ဆင်ဖဆင်)သည်သူ့တပ်သားများအားစုရုံးကာ မင်းလှခံတပ်သို့ အတင်းချီတက်၍ ခံတပ်၏ အပေါ်ထပ်သို့ ခက်ခဲစွာတက်ကြသည်။ အင်္ဂလိပ် ရေတပ်မှလည်း မင်းလှခံတပ်သို့ အမြောက်များဖြင့် လှမ်း၍ပစ်ပေးနေသည်၊ မြန်မာ

www.burmesesclassic.com

အပ်သားများ အင်္ဂလိပ်တပ်သားတို့ ဘာဓာပြန်—ကျားတပြန် လုံးထွေး တိုက်ခိုက်ကြသည်။ မြန်မာ့ တပ်မတော် မှလည်း အင်္ဂလိပ် သင်္ဘောများကို အမြောက် များနှင့် ပြန် လည် ပစ်ခတ်သည်။

ထိုစဉ်၊ ဘင်္ဂါလီခြေလျင်တပ်ရင်း (၁၂) သည် ခံတပ်၏ တောင်ဘက်မှကွေ့၍ မြစ်ကမ်းပါးဘက်တွင် နေရာယူပြီး၊ ခံတပ်၏အရှေ့ဘက် တံခါးမကြီးကို ဝင်ရောက် တိုက်ခိုက် သည်။ မြန်မာတို့ဘက်မှ ရှိသမျှအင်အား၊ လက်နက်ခဲယမ်း များဖြင့် အစွမ်းကုန် ကြိုးစားခုခံကြသော်လည်း လက်နက် ချင်းမမျှဘဲ၊ ကျွမ်းကျင် မှုတွင်လည်း ကွာခြား လေသော ကြောင့် ၁၈၈၅-ခု နိုဝင်ဘာလ (၁၇) ရက်နေ့၊ ညနေ(၃) နာရီ(၁၅)မိနစ်အချိန်တွင် မင်းလှခံတပ်မှာအင်္ဂလိပ်တို့လက်သို့ ကျဆုံးခြင်း ခံလိုက်ရလေသည်။


ဤသို့ မင်းလှခံတပ် ကျဆုံးချိန်မှစ၍ မြန်မာတို့ လူညွန့် လူစ တုံးခဲ့ရသည်ဟု ဆိုရပါတော့မည်။မင်းလှခံတပ်တိုက်ပွဲနှင့် ပတ်သက်၍အင်္ဂလိပ်စစ်သမိုင်းဆရာတိုင်းကပင်"မည်သို့ပင်ဖြစ် စေ၊ မြန်မာတို့ကား၊ မင်းလှခံတပ်တိုက်ပွဲတွင်၊ ရဲရင့်စွာတိုက် ခိုက်ခဲ့ကြ၏" ဟု မှတ်တမ်းတင်ခဲ့ကြ၏။ မြန်မာတို့သည် သူ့ ကျွန်အဖြစ်သို့ ကျရောက်ခဲ့ကြစေကာမူ၊ လွယ်ကူကျေနပ်စွာ ခံယူကြရသည်မဟုတ်။ မိမိတိုင်းပြည်နှင့် လူမျိုးကို သစ္စာရှိစွာ ဖြင့်သတ္တိရှိရှိ၊ ရာဇဝင် ပြောင်ပြောင်တိုက်ခိုက် ခဲ့ကြကြောင်း သက်သေပြခဲ့သည့် တိုက်ပွဲသည်ကား မင်းလှခံတပ်တိုက်ပွဲပင် ဖြစ်ပါပေသတည်း။ ။



www.burmesesclassic.com

www.burmesesclassic.com

အင်္ဂလိပ်တပ်များ မင်းလှခံတပ်နှင့် ဂွေးချောင်းခံတပ်သို့ချီတက်ရာလမ်းကြောင်း




www.burmesesclassic.com

www.burmesesclassic.com

## ☆ မင်းလှခံတပ်ကို သုတေသနပြုလေ့လာခြင်း

**တည်နေရာ။** ။သရက်ခရိုင်၊ မင်းလှမြို့ (ဧရာဝတီ) မြစ်ကမ်းနဖူးတွင် တည်ရှိသည်။

**တည်ဆောက်ခြင်း။** ။အင်္ဂလိပ်တို့က ထံဖက်မှ စီးပွားရေး မျက်လုံးနှင့် မြန် မာ တို့ အ ပေါ်၊ အချောင် ကြံစည်နေချိန်ဖြစ်သော မြန်မာသက္ကရာဇ် (၁၂၂၂-၁၂၂၃) ခုနှစ် များတွင်၊ မြန်မာတို့ ဘက်မှ လည်း မြန်မာပြည်အထက် အောက် နယ်ခြားစခန်းဖြစ်သည့်"မင်းလှမြို့" နှင့် ၎င်း၏ တဘက် ကမ်းရှိ "ဂွေး ချောင်းရွာ" အနီးတွင်၊ ခံတပ်များ စတင် ဆောက်လုပ်သည်။ ခံတပ်ကို ပြင်သစ် အင်ဂျင် နီ ယာ များနှင့် အီတလီ အင်ဂျင်နီယာများ ဖြစ် သော (ကွန့်မိုတို) နှင့် (မိုလီနာရီ) တို့၏ အကူအညီဖြင့် ဆောက် လုပ် သည်။ မင်းလှခံတပ်၏ သင်္ကေတမှာ "အချောင်ကြံစည်ခံတပ်တည်" ဟူ၍ ဖြစ်၏။


**ခံတပ်၏အတိုင်းအတာများ။** ။စံနစ်ပုံဖြင့် ပူးတွဲ ကြည့်ရှုရန်။



www.burmesesclassic.com

www.burmesesclassic.com

# မင်းလှခံတပ် - စံနစ်ပုံ




www.burmesesclassic.com

www.burmesesclassic.com

## ☆ ခံတပ်စံနစ်ပုံနှင့်ကြည့်ရန်အညွှန်း

(၁) ခံတပ်အခြေ ၄-ဘက်အားသို့ကား — ၃-ပေစီ၊
(၂) ဆင်ခြေလျှောလှေကားလက်ရမ်းထု— ၁ ပေ၊ ၄လက်မ၊
(၃) ဆင်ခြေလျှောလှေကားကြီးအကျယ်—၁၃ပေ၊ ၉-လက်မ
(၄) စကြံန်အုတ်ရိုး အကျယ် — ၁၆ ပေ၊ ၇-လက်မ၊
" အမြင့် — ၅ပေ၊
(၅) ခံတပ်အပေါ်လမ်းအကျယ် — ၂၂ ပေ၊
(၆) ရင်တား အကျယ် — ၁ ပေ၊ ၆-လက်မ၊
" အမြင့် — ၂ပေ၊ ၅-လက်မ၊

## ☆ ခံတပ်၏ ပမာဏ

ခံတပ်၏ အတွင်း....

အလျား (အရှေ့-အနောက်) — ၁၀၆ ပေ၊
အနံ (တောင်-မြောက်) — ၈၄ ပေ၊ ၂-လက်မ၊
အမြင့် (ရင်တားထိပ်အထိ) — ၂၃ ပေ၊ ၅-လက်မ၊
ခံတပ်၏အပြင်....

အလျား — ၂၀၇ ပေ၊ ၇-လက်မ၊ } အောက်ခြေတဘက်၊
အနံ — ၁၇၀ ပေ၊ ၄-လက်မ၊ } ၃ပေ စီ ဘေး သို့ ထား၊
အမြင့် — ၂၅ ပေ၊ ၉-လက်မ၊ ခြင်း အပါအဝင်။

## ☆ တံခါးပေါက်များ

အနောက်ဘက်တံခါးကြီး-အရှည်— ၅၀ ပေ၊ ၄-လက်မ၊
" " အမြင့် — ၁၃ပေ၊ ၉-လက်မ၊
" " အကျယ် — ၁၀ ပေ၊



www.burmesesclassic.com

www.burmesesclassic.com

အရှေ့ဘက်တံခါးပေါက် အရှည်— ၄၀ပေ၊ ၁-လက်မ၊
။ ။ အမြင့် — ၁၁ပေ၊၄-လက်မ၊
။ ။ အကျယ် — ၆ပေ၊၁၀-လက်မ၊
ပတ်လည်တံခါးပေါက်များ အမြင့်—၉-ပေ။
။ ။ အကျယ်—၅-ပေ။
အခန်းတံခါးပေါက်ပေါင်းမှာ....
အရှေ့ဘက်တွင် ဗဟို ဝင်ပေါက်ပါ ၅-ပေါက်။
အနောက်ဘက်တွင် ဗဟိုဝင်ပေါက်ကြီးပါ ၅ ။
တောင်ဘက်တွင်လှေခါး ၂-စင်းကြား
တံခါးပါ ၅ ။
မြောက်ဘက်တွင်.... ၄ ။
ပေါင်း ၁၉-ပေါက်၊

## ☆ လှေခါးများ

အတွင်း၌ လှေခါး ၄-စင်းရှိသည်။

တောင်ဘက်ခြမ်းတွင် ၂-စင်းပြိုင်သကဲ့သို့ မြောက်ဘက်ခြမ်းတွင်း ၂-စင်းပြိုင်လျက် ရှိသည်။ တစင်းနှင့် တစင်း ၁၄-ပေ ၄-လက်မကွာသည်။ လှေခါးတစင်းစီသည် တည့်တည့်ဆင်းကြသည်မဟုတ်၊ တတောင်ဆစ်ကွေးသကွာန် တဆစ်ချိုးပြီးမှဆင်းသည်။

တဆင်ချိုး လှေခါးအရှည် — ၇-ပေ။
အထစ်ပေါင်း ၇-ထစ်။
တိုက်ရိုက်ဆင်းလှေခါးအရှည် — ၂၁-ပေ။
အထစ်ပေါင်း — ၂၂-ထစ်။
လှေခါးတထစ်စီ၏ဗျက်မှာ—၉-လက်မ×ထု—၈-လက်မ။
လှေခါးလက်ရမ်းထုမှာ— ၁-ပေ—၄-လက်မ။
လှေခါးအဆုံးမှခံတပ်နံရံအထိ — ၉-ပေ၊ ၄-လက်မရှိသည်။

---

www.burmesesclassic.com

www.burmesesclassic.com

# ကျောင်းသားပွဲတော်

ကျောင်းသား-ကျောင်းသူများနှင့်
သမိုင်းသုတေသီများအတွက်
ပြုစုသည်။

BURMESE CLASSIC

၆၅
ဒီဇင်ဘာ

www.burmesesclassic.com